## အစိုးရစစ်တပ်၏ မတရားထိုးစစ်ဆင်မှုရပ်တန့်ရေးနှင့် စစ်ပြေးဒုက္ခသည်များအပေါ် လူ့အခွင့်အရေးချိုးဖေါက်မှုများ နှင့်ပတ်သက်၍ ကချင်အမျိုးသားအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ကြေညာချက်

ကချင်ပြည်သူလူထုနှင့်တကွ မြန်မာပြည်သူလူထုတစ်ရပ်လုံးသည် ကချင်ဒေသအတွင်း အစိုးရစစ်တပ်၏ မတရားထိုး စစ်ဆင်တိုက်ခိုက်မှုများရပ်တန့်ပေးရန် အကြိမ်အကြိမ်မေတ္တာရပ်ခံတောင်းဆိုခဲ့သော်လည်း အစိုးရစစ်တပ်မှ အင်အား အလွန်အကျွံသုံး၍ အစဉ်မပြတ်ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တစ်နှစ်ကျော်တိုင်အောင် အရှိန်အဟုန်ပြင်းထန်စွာဖြင့် တိုက်ခိုက်မှုများကြောင့် ကချင်ပြည်သူလူထုတို့သည် ကြောက်ရွံ့ ထိတ်လန့်စွာ မိမိတို့နေထိုင်ရာအရပ်ဒေသမှ စွန့်ခွာ ထွက်ပြေးသွားလာသော စစ်ပြေးဒုက္ခသည်အရေအတွက်မှာ (၉၀၀၀၀) ကျော်လာပြီဖြစ်ပါသည်။

ထို့ကြောင့် အစိုးရစစ်တပ်မှ ကချင်ဒေသများ၌ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ပြီး အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုဖေါ်ဆောင်မည့် စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)/ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) အပါအဝင်တပြိုင်နက်တည်း တိုင်းရင်းသားအင်အားစုများအားလုံးနှင့် ဦးသိန်းစိန်အစိုးရအကြားစတင်နိုင်ရန်အတွက်ကချင်အမျိုးသားအဖွဲ့အစည်းများမှအောက်ပါအတိုင်းတောင်းဆိုအပ်ပါသည်။

### သမ္မတဦးသိန်းစိန်အစိုးရ သို့

(၁) ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ဒေသခံပြည်သူလူထုနှင့် KIO/KIA စစ်စခန်းများကိုဦးတည်ပြီး ရှေ့တန်းစစ်မျက်နှာတွင် တပ်ရင်းပေါင်း(၈၀)ကျော်တို့၏ မတရားထိုးစစ်တိုက်ခိုက်မှုကြီးများကို ချက်ချင်းရပ်တန့်ပေးရန် နှင့်မြန်မာတပ်မတော်အနေဖြင့် မိမိတို့ မူလအခြေစိုက်ရာ မိခင်တပ်ရင်း၊ တပ်မ ဒေသများထံသို့ ပြန်လည်ဆုတ်ခွာသွားရန်။

(၂) မြန်မာတပ်မတော်၏ထိုးစစ်ဆင်တိုက်ခိုက်မှုသည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် KIO/KIA အပါအဝင်တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများအားလုံး၏နစ်ဖက်အပြန်အလှန်ယုံကြည်မှုကိုပျက်ပြားစေနိုင်သောကြောင့် သမ္မတဦးသိန်းစိန် ၏ကချင်ထိုးစစ်ဆင်မှုရပ်တန့်ဖို့ ညွှန်းကြားချက်ကို မလိုက်နာသောရှေ့တန်းရှိစစ်တပ်များကို ထိရောက်စွာအရေးယူပေးရန်။

(၃) ပြည်တွင်းစစ်ဖြစ်ပွားရခြင်း၏ အခြေခံအရင်းအမြစ်ပြဿနာများဖြစ်သည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးတို့ ကိုဖေါ်ဆောင်နိုင်ရန်အတွက် သမ္မတဦးသိန်းစိန်အစိုးရနှင့် KIO/KIA တို့အကြားစစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာပါရန်။

(၄) လက်ရှိစစ်ပဋိပက္ခဖြစ်ပွားနေရာဒေသများသာမက မြန်မာနိုင်ငံလုံးတဝှမ်း၌ အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသောငြိမ်းချမ်းရေးအတွက် သမ္မတဦးသိန်းစိန်အစိုးရ နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) တို့အကြား စစ်မှန်သောနိုင်ငံတွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာပါရန်။

(၅) ဦးလထော်ဘရန်ရှောင်အပါအဝင် စစ်ပြေးဒုက္ခသည်များ၊ ဒေသခံကချင်ပြည်သူလူထုများအပေါ် စရဖ၊ စစ်တပ်နှင့် ဒေသခံအာဏာပိုင်များမှ KIO/KIA  နှင့် ဆက်စပ်နေသည်ဟု မတရားစွပ်စွဲပြီးခြိမ်းခြောက်ခြင်းနှင့် လူမဆန်စွာဖြင့်ဖမ်းဆီး နှိပ်စက်သတ်ဖြတ်လုပ်ရပ်များကို ချက်ချင်းရပ်တန့်ပေးပါရန်။

(၆) စစ်ပဋိပက္ခဒေသအတွင်းရှိ ဒေသခံအမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ မြန်မာစစ်တပ်၏ မတရား အဓမ္မပြုကျင့်ခြင်းခံရသူပေါင်း(၆၃)ဦးတွင် ထက်ဝက်ခန့်မှာသတ်ဖြတ်ခြင်းခံရ (KWAT စစ်တမ်းအရ)၊ ၎င်းအမှုများကို စနစ်တကျစစ်ဆေးဖော်ထုတ်အရေးယူခြင်းကို နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ပေးပါရန်။

(၇) ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာမိသားစု၊ ဒေသခံကချင်အဖွဲ့အစည်းများ၊ လူထုအခြေပြုလူ့အဖွဲ့အစည်းများတို့၏ စစ်ပဋိပက္ခကြောင့်ရွှေ့ ပြောင်းနေရသူစစ်ပြေးဒုက္ခသည် (၉၀၀၀၀) ကျော်အတွက်လိုအပ်သောအရေးပေါ်အကူအညီထောက်ပံ့ရေးအစီအစဉ်များလွတ်လွပ်စွာလုပ်ဆောင်နိုင်ရန်အတွက် ခွင့်ပြုပေးပါရန်။

## ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမိသားစု သို့

(၁) ဒေသခံလူထု၏လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန်အတွက် ကုလသမဂ္ဂမှစုံစမ်း စစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်နှင့် မြန်မာနိုင်ငံတွင် တရားမျှတမှုဖော်ဆောင်နိုင်ရေးနှင့်အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွှတ်ခွင့်ရပ်တန့်ရေးအတွက် လိုအပ်သောယန္တယားများဖွဲ့စည်းထားရှိရေးကိုတိုက်တွန်းပေးရန်။

(၂) စစ်ပဋိပက္ခဒေသအတွင်းရှိ ဒုက္ခသည်(၉၀၀၀၀) ကျော်အတွက် လူသားချင်းစာနာထောက်ထားသော အရေးပေါ်အကူအညီများပို့ဆောင်ခွင့်ပြုရေးကို မြန်မာအာဏာပိုင်များနှင့်ညှိနှိုင်းဆောင်ရွက်နေခြင်းအပြင် KIO/KIA၊ ကချင်အဖွဲ့အစည်းများနှင့် လူထုအခြေအပြုလူ့အဖွဲ့အစည်းများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ပေးရန်။

(၃) စစ်ပွဲပဋိပက္ခကြောင့် လယ်ယာလုပ်ငန်းများမလုပ်ကိုင်နိုင်ခြင်းနှင့် အစိုးရစစ်တပ်မှ ဆန်စပါးသယ်ယူခွင့်ကို ပိတ်ပင်ထားသဖြင့် ပူတာအို၊ မချမ်းဘော၊ နောင်မွန်နှင့် ခေါလန်ဖူးမြို့ နယ်များရှိဒေသခံများမှာဖွန်လိုင်လမှစတင်ပြီး ဆန်စပါးရှားပါးမှုကြောင့်အတိဒုက္ခရောက်နေသောပြည်သူများအတွက် အရေးပေါ်အကူအညီဆောင်ရွက်ပေးပါရန်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ သို့

(၁) တရုတ်အစိုးရအနေဖြင့် လက်ရှိစစ်ပဋိပက္ခကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသောစစ်ပြေးဒုက္ခသည်များကို တရုတ်နယ်စပ်တလျှောက်ရှိ ယာယီဒုက္ခသည်စခန်းမှ အတင်းအဓမ္မမောင်းထုတ်နေခြင်းမှ ချက်ချင်းရပ်တန့်ပြီး လူသားချင်းစာနာထောက်ထားသော အရေးပေါ်အကူအညီများကိုကူညီဆောင်ရွက်ပေးပါရန်။

(၂) တရုတ်အာဏာပိုင်များအနေဖြင့် စစ်ပဋိပက္ခများကြောင့် တရုတ်နယ်စပ်ဒေသတလျှောက်ထွက်ပြေးတိမ်းရှောင်နေကြရသော ကချင်ဒုက္ခသည်များ၏လုံခြုံရေးနှင့်နေရာချထားရေးများအတွက် KIO/KIA ၊ကချင်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများကို ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ပေးပါရန်။

**ကချင်အမျိုးသားအဖွဲ့အစည်းများ**

1. All Kachin Students and Youth Union
2. Kachin Center (Thailand)
3. Kachin Development Network Group
4. Kachin Environmental Organization
5. Kachin Women's Association- Thailand
6. Kachin News Group
7. Pan Kachin Development Society
8. Kachin Community in United Kingdom
9. Kachin National Organization
10. Queensland Kachin Community
11. Kachin Association of Australia

**For more information, please contact:**


1. Naw San, +66 (0) 848119594
2. Moon Nay Li, +66 (0) 856251912
3. Hkahpa Tu Sadan, +4(0) 7538258961


Date: 2012 August 29th